**ဟင်းနုနွယ်ဆူးပေါက်**

Scientific name - *Amaranthus spinosus* L.

Common name - Spiny amaranth

Family - Amaranthaceae







အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်သည်။ ၀.၃ မှ ၂ မီတာ အထိမြင့်သည်။ ပင်စည်သည် ပြောင်ချောနေခြင်း သို့မဟုတ် ပင်စည်နှင့်ကိုင်းဖျားများတွင် အမွေးကျဲကျဲတွေ့ရသည်။ ပင်စည်သည် ထောင်မတ်နေခြင်း သို့မဟုတ် တစ်ခါတစ်ရံ နီးစပ်ရာသို့နွယ်တတ်ခြင်း၊ ကိုင်းများစွာဖြာပြီး ချုံပုတ်ပုံတွေ့ရသည်။ ရွက်ရိုးတံ၏အခြေတွင် ချွန်ထက်သောဆူးချွန်များပါရှိသည်။ ရွက်ကြောများသည် ချိုင့်ဝင်လျက်ရှိပြီး အောက်မျက်နှာပြင်တွင် ရွက်ကြောစင်းများ ထင်ရှားသည်။ ဥဖျားသွယ်ပုံ သို့မဟုတ် ကျယ်ပြန့်သောလုံ့စွပ်ပုံရှိသည်။ ပန်းပွင့်သည်အစိမ်းဖျော့ရောင်တွင် မရမ်းဖျော့ရောင်သန်းသည်။ အစေ့သည် အနက်ရောင်ရှိပြီး အနည်းငယ်လုံးဝန်းပြီးချောမွေ့တောက်ပြောင်သည်။ အစေ့ငုပ်ခြင်း အမျိုးမျိုးတွေ့ရသည်။ အစေ့အားဖြင့် မျိုးပွားသည်။